(ဒေါက်တာသီသီမြင့်၊ဒုတိယညွှန်ကြားရေးမှူးချုပ်)

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

မိတ္တူ - ရုံးလက်ခံ / မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**စွမ်းအင်ဝန်ကြီးဌာန**

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

နေပြည်တော်

Fax No: - 067 - 411094
E mail : mpeho@mptmail.net.mm

စာအမှတ်၊ ၁၅၀၄(၅) / ၀၄ရ / ၁၅-၁၆ (၈၃၉ )

ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်

သို့

စွမ်းအင်ဝန်ကြီးဌာန

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည်ညွှန်းချက် ။ (၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၅.၃.၂၀၁၆ ရက်စွဲပါစာအမှတ်၊ ရက-၅(စ)/ ၀၁၆/ ၂၀၁၆(၁၇၀)

(၂) စွမ်းအင်ဝန်ကြီးဌာန၏ ၁၇.၃.၂၀၁၆ ရက်စွဲပါ စာအမှတ်၊ မူဝါဒ-ဥပဒေ-လုပ်ငန်းစစ်/ ၀၄(၂၀၄/ ၂၀၁၆)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ Green Alliance Energy Co., Ltd သည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၊ သီလဝါလမ်း၊ အကွက်အမှတ်(၂၂)တွင် LPG ဓာတ်ငွေ့ရည် တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းနှင့် သိုလှောင်ကန်ငှားရမ်းခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှုကော်မရှင်မှ ရည်ညွှန်းချက်ပါစာဖြင့် သဘောထားမှတ်ချက် တောင်းခံလာပါ ၍ Green Alliance Energy Co., Ltd အား မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ် ဆောင်ရွက်ခွင့်ပြု/မပြုကို သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်း(၂)ပါစာဖြင့် ပေးပို့အကြောင်းကြားလာပါသည်။

၂။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းအနေဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များအား ရေနံဓာတ်ငွေ့ရည် တင်သွင်းသိုလှောင် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးခဲ့ရာတွင် သတ်မှတ်စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိကို စိစစ်ပြီး စည်းကမ်းချက်များနှင့်ကိုက်ညီသည့် ကုမ္ပဏီ(၁၃)ခုအား လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Green Alliance Energy Co., Ltd အနေဖြင့် စွမ်းအင်ဝန်ကြီးဌာနမှ သတ်မှတ်ထားသော ရေနံဓာတ်ငွေ့ရည်ဆိုင်ရာ **စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဆိုပါက** ရေနံဓာတ်ငွေ့ရည်ကို ပြည်ပမှတင်သွင်း၍ တင်/ချ ဆိပ်ခံတံတားအပါအဝင် သိုလှောင်ကန်စခန်းဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်(လိုင်စင်-က)ကို ခွင့်ပြုပေးနိုင်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည်။

၂၄.၃.၂၀၁၆

ဦးဆောင်ညွှန်ကြားရေးမှူး(ကိုယ်စား)
(အောင်မြင့်၊ ညွှန်ကြားရေးမှူး-ကုန်ထုတ်)

မိတ္တူကို
လက်ခံ

Green Alliance Energy Co.,Ltd
Green Alliance Energy
No. 8, Corner of Dhammazedi Road & Bagaya Street, Sanchaung Township,
Yangon, Myanmar. Tel : 01-654867

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်( ၁ ) သစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့။

စာအမှတ် ။
ရက်စွဲ ။ ၁၀. ၃ , ၂၀၁၆

အကြောင်းအရာ။ ။လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်လူမှုရေးတာဝန်ယူမှုပေါင်းဆောင်ရွက်မှု(CSR) အတွက်ကတိခံဝန်ချက်တင်ပြခြင်းကိစ္စ။

အထက်အကြောင်းအရာပါကိစ္စရပ်နှင့်ပတ်သက်၍ Green Alliance Energy Company Limited သည် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ သီလဝါလမ်း၊ အကွက်အမှတ် (၂၂) မြေကွက်တွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုပြုလုပ်၍ "LPG ဓါတ်ငွေ့ရည်အား ဖယ်ယူ၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် သိုလှောင်ကန် ငှားရမ်းခြင်း" လုပ်ငန်းများလုပ်ကိုင် ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်တင်ပြထား သည့် ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

မိမိတို့ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန်ခွင့်ပြုမိန့်ရရှိခဲ့ပြီး လုပ်ငန်းဆောင်ရွက် လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက လုပ်ငန်း၏အဓိကမောင်းနှင်အားဖြစ်သည့် ကုမ္ပဏီ၏ဝန်ထမ်းများနှင့် အလုပ်သမားများအပါအဝင် လုပ်ငန်းလုပ်ကိုင်ရာဒေသနှင့် ပတ်ဝန်းကျင်ရှိလူ့ပုဂ္ဂိုလ်များ အားလုံးတို့၏အထွေထွေလူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် "လူမှုရေးတာဝန်ယူမှုပေါင်းဆောင်ရွက်မှု" (Corporate Social Responsibility) ကျင့်စဉ်များနှင့်အညီဆောင်ရွက်နိုင်ရန် ကုမ္ပဏီ၏နှစ်စဉ်ရရှိသောအမြတ်ငွေမှ (၂%)အား "လူမှုရေးတာဝန်ယူမှုပေါင်းဆောင်ရွက်မှုရန်ပုံငွေ"အဖြစ် ထူထောင်ထားရှိသွားမည် ဖြစ်ပါသည်။

"လူမှုရေးတာဝန်ယူမှုပေါင်းဆောင်ရွက်မှုရန်ပုံငွေ"မှ အောက်ဖော်ပြပါလုပ်ငန်းများအတွက်အကျိုးရှိစွာ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

( ၁ ) ဒေသရှိကျောင်းသားလူငယ်များအတွက် ပညာရေးကူညီထောက်ပံ့ခြင်းအတွက် ၂၀ %
( ၂ ) ဒေသရှိပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် ၂၀ %
( ၃ ) ဒေသ၏လမ်းပန်းဆက်သွယ်ရေးနှင့် စည်ပင်တိုးတက်ရေးအတွက် ၂၀ %
( ၄ ) ဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားရန်အတွက် သင်တန်းများစီစဉ်ပေးခြင်းအတွက် ၂၀ %
( ၅ ) အခြားလုပ်ငန်းများအတွက်အမြဲတမ်းထားရှိမည့်စုဆောင်းရန်ပုံငွေအတွက် ၂၀ %

အကယ်၍ကနဦးနှစ်များ၌လုပ်ငန်းအနေဖြင့် အမြတ်ငွေများမရရှိပါကလည်း ကုမ္ပဏီ၏"လူမှုရေးတာဝန်ယူမှုပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေ"အား ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ငွေသားကိန်းဂဏန်းတရပ်သတ်မှတ်၍ရန်ပုံငွေထူထောင်ထားရှိမည်ဖြစ်ပါသည်။ ဤရန်ပုံငွေခေါင်းစဉ်အောက်မှ ပတ်ဝန်းကျင်ဒေသဖွံ့ဖြိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးများဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းအား ကတိဝန်ခံ ချက်ပြုတင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

(signature) (မဝ)

ဦးဇော်မင်းအောင်
Managing Director
Green Alliance Energy Co., Ltd.

Green Alliance Energy

# Green Alliance Energy Co.,Ltd

No. 8, Corner of Dhammazedi Road & Bagaya Street, Sanchaung Township,
Yangon, Myanmar. Tel : 01-654867

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

ရက်စွဲ။ ။ ၂၀၁၆ ခုနှစ်၊ မတ် လ၊ ( ၃၀ ) ရက်။

အကြောင်းအရာ။ ။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဖြင့် "LPG ဓါတ်ငွေ့ရည်အား ဝယ်ယူ၊ သိုလှောင်၊ ဖြန့်ဖြူး ရောင်းချခြင်းနှင့် သိုလှောင်ကန် ငှားရမ်းခြင်း" လုပ်ငန်း စီမံကိန်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်မည့် အသေးစိတ်အစီအစဉ်များ ရေးဆွဲမည့် အခြေအနေအားတင်ပြခြင်း။

Green Alliance Energy Co.,Ltd. သည် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ သီလဝါလမ်း၊ အကွက်အမှတ် (၂၂) မြေကွက်တွင် "LPG ဓါတ်ငွေ့ရည်အား ဝယ်ယူ၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် သိုလှောင်ကန် ငှားရမ်းခြင်း" လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။

ယင်းစီမံကိန်းနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေမှုများ၊ လူမှုအကျိုးစီးပွားနှင့်ကျန်းမာရေးအပေါ် ထိခိုက်စေမှုများမရှိစေရန် (သို့မဟုတ်) နည်းပါးစေရန်အတွက် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု ဆန်းစစ်လေ့လာခြင်း (Environmental Impact Accessment-EIA) လုပ်ငန်းနှင့် အဆိုပါဆန်းစစ်လေ့လာ တွေ့ရှိချက်များကိုအခြေခံ၍ ပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်စေရန် (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်အတွက် ဆောင်ရွက်မည့် စီမံချက်များပါဝင်သည့် ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan-EMP) တို့ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ၂၀၁၂ အရ လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ ၂၀၁၄ အရ လည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ စည်းမျဉ်းများ ၂၀၁၃ အရ လည်းကောင်း၊ နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ကျွမ်းကျင်သည့်ပညာရှင်များဖြင့် တာဝန်ယူလေ့လာဆန်းစစ်မှုများပြုလုပ်၍ အစီရင်ခံတင်ပြသွားရန် ရှိပါသည်။

အစီရင်ခံစာများကို ပြုစုရာတွင်-

1. အဆိုပြုလုပ်ငန်းစီမံကိန်း၏ နောက်ခံအကြောင်းအရာများ၊ စီမံကိန်း၏ အနီးဝန်းကျင်ရှိ ရူပပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအချက်များ၊ သက်ရှိဇီဝဆိုင်ရာ အကြောင်းအချက်များ၊ လူမှုစီးပွားဆိုင်ရာ အကြောင်းအရာများကို ကွင်းဆင်းလေ့လာဆောင်ရွက်သွားပါမည်။
2. ကွင်းဆင်းလေ့လာဆောင်ရွက်ရာတွင်လည်း GIS နည်းပညာအသုံးပြု၍ မြေပုံထုတ်ခြင်း၊ မြေဆီလွှာနှင့် ရေနမူနာများယူ၍ စစ်ဆေးခြင်းများကို ပြုလုပ်ဆောင်ရွက်သွားပါမည်။
3. သဘာဝပတ်ဝန်းကျင်သက်ရောက်နိုင်မှုနှင့် ထိခိုက်နိုင်မှုဆန်းစစ်လေ့လာရာတွင်လည်း အကြိုတည်ဆောက်မှု လုပ်ငန်းဆောင်ရွက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်းနှင့် လုပ်ငန်း ရပ်စဲပြီးကာလဟူ၍ လုပ်ငန်းအဆင့်အသီးသီးအလိုက် ယင်းစီမံကိန်း၏ ပတ်ဝန်းကျင်အပေါ် လူမှုအကျိုးစီးပွားနှင့်

ကျန်းမာရေးအပေါ် အကျိုးသက်ရောက်နိုင်မှုများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ချမှတ်ထားသော သတ်မှတ်ချက်များကိုအခြေခံ၍ အသေးစိတ်လေ့လာဆန်းစစ်ဆောင်ရွက်သွားပါမည်။

4. ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များရေးဆွဲရာတွင်လည်း အကြိုတည်ဆောက်မှုလုပ်ငန်းဆောင်ရွက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်းနှင့် လုပ်ငန်းရပ်စဲပြီးကာလဟူ၍ လုပ်ငန်းအဆင့်အသီးသီးအလိုက် ပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်စေရန် (သို့မဟုတ်) ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် အတွက် ဆောင်ရွက်မည့်အစီအမံများ၊ စီမံခန့်ခွဲမှုနှင့် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များ၊ အရေးပေါ်အစီအစဉ်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ချမှတ်ထားသော သတ်မှတ်ချက်များကိုအခြေခံ၍ အသေးစိတ်ရေးဆွဲဆောင်ရွက်သွားပါမည်။

ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ် (EMP) အစီရင်ခံစာအပြည့်အစုံကိုပြုစု၍ ပေးပို့တင်ပြသွားမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

(ကစ)

ဦးဇော်မင်းအောင်
Managing Director
Green Alliance Energy Co.,Ltd.

Green Alliance Energy Co.,Ltd

Green Alliance Energy - No. 8, Corner of Dhammazedi Road & Bagaya Street, Sanchaung Township,
Yangon, Myanmar. Tel : 01-654867

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

ရက်စွဲ။ ။ ၂၀၁၆ မတ် လ၊ ( ၁၀ ) ရက်။

ကြောင်းအရာ။ ။အလုပ်အကိုင်သစ်များပေါ်ပေါက်လာမည့်အခြေအနေအားတင်ပြခြင်း။

၁။ Green Alliance Energy Co.,Ltd. သည် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ သီလဝါလမ်း၊ အကွက်အမှတ် (၂၂) မြေကွက်တွင် "LPG ဓါတ်ငွေ့ရည်အား ဝယ်ယူ၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် သိုလှောင်ကန် ငှားရမ်းခြင်း" လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ "LPG ဓါတ်ငွေ့ရည်အား သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် သိုလှောင်ကန် ငှားရမ်းခြင်း" လုပ်ငန်းများလုပ်ကိုင်ရန်အတွက် လိုအပ်သောဝန်ထမ်းများကို ပြည်ပကျွမ်းကျင်သူများအပါအဝင် ပြည်တွင်းရှိအတတ်ပညာရှင်များနှင့် လုပ်သားအင်အားများကိုအသုံးပြုပြီး လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် ဖော်ပြပါလုပ်ငန်းဆောင်ရွက်ခွင့် ရရှိပါက မြန်မာနိုင်ငံသား ဝန်ထမ်းများ (၁၀၀) ဦးခန့် အလုပ်အကိုင်များရရှိကြမည်ဖြစ်ပါသည်။

၃။ နောင်အချိန်တွင် လုပ်ငန်းတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပြီးထိုသို့လုပ်ငန်းတိုးချဲ့ဆောင်ရွက်ပါက မြန်မာနိုင်ငံသားဝန်ထမ်းများပိုမို၍ အလုပ်အကိုင်ရရှိကြပြီး တဘက်တလမ်းမှလည်း နိုင်ငံတော်၏ ဘဏ္ဍာငွေတိုးတက်ရေးကို ...်းများ၏ လစာပေါ်တွင် ဝင်ငွေခွန်ထမ်းဆောင်ခြင်းဖြင့်လည်းကောင်း၊ လုပ်ငန်းမှဝင်ငွေခွန်များ ပေးဆောင်ခြင်းဖြင့်လည်းကောင်းနိုင်ငံအတွက်အခွန်ဘဏ္ဍာများတိုးတက်ရရှိနိုင်ကြောင်းလေးစားစွာဖြင့် တင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်

(signature) (မ၀)

ဦးဇော်မင်းအောင်
Managing Director
Green Alliance Energy Co.,Ltd.

# Green Alliance Energy Co.,Ltd

Green Alliance Energy

No. 8, Corner of Dhammazedi Road & Bagaya Street, Sanchaung Township,
Yangon, Myanmar. Tel : 01-654867


သို့
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

ရက်စွဲ။ ။ ၂၀၁၆ ခုနှစ်၊ မတ် လ၊ (၁၈ ) ရက်။

အကြောင်းအရာ။ ။<u>အဆိုပြုလုပ်ငန်းဆောင်ရွက်မည့်ပုံစံအားတင်ပြခြင်း။</u>

၁။ Green Alliance Energy Co.,Ltd. သည် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ သီလဝါလမ်း၊ အကွက်အမှတ် (၂၂) မြေကွက်တွင် "LPG ဓါတ်ငွေ့ရည်အား ဝယ်ယူ၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် သိုလှောင်ကန် ငှားရမ်းခြင်း" လုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုပ်ငန်းဆောင်ရွက်ရာတွင် ခေတ်မီစက်ပစ္စည်းကိရိယာများနှင့် လိုအပ်သောအခြားအထောက်အကူပြုပစ္စည်းများအား ပြည်ပမှတင်သွင်း၍ "LPG ဓါတ်ငွေ့ရည်အား ပြည်ပမှဝယ်ယူ၊ သိုလှောင်ပြီး ရာနှုန်းပြည့် ပြည်တွင်းဈေးကွက်သို့ ဖြန့်ဖြူးရောင်းချရန်" အဆိုပြုတင်ပြထားသောကုမ္ပဏီဖြစ်ပါသည်။

၃။ ကျွန်တော်တို့ " စိမ်းလန်းခြင်း အင်အားစု စွမ်းအင် ကုမ္ပဏီလီမိတက် " " Green Alliance Energy Co.,Ltd. " သည် လုပ်ငန်းအောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေများလည်း အပြည့်အဝရရှိမည်ဖြစ်ပါသည်။

ထို့ပြင် အဆိုပါလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေနိုင်ခြင်း၊ နည်းပညာများတိုးတတ်စေခြင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် အထောက်အကူ ပြုနိုင်ခြင်းနှင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေခြင်း စသည့် အကျိုးကျေးဇူးများကိုလည်း ရရှိစေနိုင်မည်ဖြစ်ပါသည်။

လေးစားစွာဖြင့်

(ဓာခ)

ဦးဇော်မင်းအောင်
Managing Director
Green Alliance Energy Co.,Ltd.

een Alliance Energy

# Green Alliance Energy Co.,Ltd

No. 8, Corner of Dhammazedi Road & Bagaya Street, Sanchaung Township,
Yangon, Myanmar. Tel : 01-654867

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်( ၁ ) သစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့။

စာအမှတ် ။
ရက်စွဲ ။ ၁၀.၃.၂၀၁၆

အကြောင်းအရာ ။ ။ဝန်ခံကတိပြုခြင်း။

အထက်အကြောင်းအရာနှင့်ပတ်သက်၍ နိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်၏ Green Alliance Energy Co., Ltd သည် လျှပ်စစ်ဓါတ်အားမရရှိသေးသောအချိန်တွင် လုပ်ငန်းနှင့်ကိုက်ညီသော ကိုယ်ပိုင်မီးစက်များထားရှိ၍ လုပ်ငန်းအတွက် လိုအပ်သောလျှပ်စစ်မီးကို ရယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြု တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

(ကာဝ)

ဦးဇော်မင်းအောင်
Managing Director
Green Alliance Energy Co.,Ltd.

Green Alliance Energy Co.,Ltd

Green Alliance Energy

No. 8, Corner of Dhammazedi Road & Bagaya Street, Sanchaung Township,
Yangon, Myanmar. Tel : 01-654867

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်( ၁ ) သစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့။

စာအမှတ် ။
ရက်စွဲ ။ ၁၀. ၃ . ၂၀၁၆

အကြောင်းအရာ။ ။ မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်ထားရှိမည်ဖြစ်ကြောင်းပန်ခံကတိပြုခြင်း။

အထက်အကြောင်းအရာ နှင့်ပတ်သက်၍ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်ုပ်တို့၏ Green Alliance Energy Co.,Ltd. သည် "LPG ဓါတ်ငွေ့ရည်အား ဝယ်ယူ၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် သိုလှောင်ကန်ငှားရမ်းခြင်း" လုပ်ငန်းများဆောင်ရွက်သည့်လုပ်ငန်းခွင်ဧရိယာအတွင်း မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်မှု အစနေဖြင့် အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

( ၁ ) ရေဂါလံ(၂၅၀၀)ဆန့်ရေသိုလှောင် ကန် (၂) ကန်ကိုတည်ဆောက် ထားရှိမည်ဖြစ်ပါသည်။

( ၂ ) လုပ်ငန်းအဆောက်အအုံမှာလည်း မီးလောင်မှုမှ ကာကွယ်ရန် ရေပုံး ၊မီးကပ် ၊သဲအိတ်၊ မီးသတ်ဗူးများကို အဆင်သင့် ထားရှိမည်ဖြစ်ပါသည်။

( ၃ ) မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်နိုင်ရေးအတွက် ဝန်ထမ်းအလုပ်သမားများသည် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်း၊ မီးငြိမ်းသတ်ခြင်း တို့နှင့်ပတ်သက်၍ ဗဟုသုတရရှိရန်အလို့ငှာ မီးသတ်ဦးစီးဌာနမှ ကျွမ်းကျင်သူများ အားဖိတ်ကြား၍ သင်တန်းပို့ချမည် ဖြစ်ပါသည်။

( ၄ ) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းအတွက် စည်းကမ်းချက်များချမှတ်ထားပြီး ယင်းတို့ကိုဝန်ထမ်းများ တိကျစွာလိုက်နာ ဆောင်ရွက်ရန်လည်း စီမံထားရှိပါမည်။

( ၅ ) ဝန်ထမ်းများကိုလည်း မီးဘေးအရေးပေါ်ကာကွယ်နိုင်ရန် မီးသတ်နည်းပညာ လေ့ကျင့်သင်ကြားပေးမည် ဖြစ်ပါသည်။

( ၆ ) လုပ်ငန်းခွင်အတွင်း၊ ရုံးအဆောက်အဦးအတွင်းနှင့် အနီးပတ်ဝန်းကျင်တွင် ဆေးလိပ်သောက်ခြင်းကိုတင်းကျပ်စွာတားမြစ်ထားရှိမည်ဖြစ်ပြီး ဆေးလိပ်သောက်သုံးရန်နေရာအား သတ်မှတ်ပေးမည်ဖြစ်ပါသည်။

( ၇ ) လျှပ်စစ်နှင့်ပတ်သက်သည့် မီးဘေးအန္တရာယ်များ မဖြစ်ပေါ်စေရန် မီးကြိုးသွယ်တန်းမှုများ၊ မီးခလုတ်ခုံတပ်ဆင်မှုများ၊ မီးအားမြှင့်စက်များနှင့် လျှပ်စစ်ဓာတ်အားအသုံးပြု၍ လည်ပတ်ရသောလျှပ်စစ်ပစ္စည်းများအားအချိန်ဇယားများချမှတ်၍ အမြဲမပြတ်စစ်ဆေးသွားမည်ဖြစ်ပါသည်။

( ၈ ) လုပ်ငန်းခွင်အတွင်းသန့်ရှင်းသပ်ရပ်စေရန် အမှိုက်များအားစနစ်တကျပုံးဖြင့်ထားရှိရန် ၊မီးလောင်လွယ်သည့်မြက်ပင်နှင့်ကိုင်းပင်တို့အား ခုတ်ထွင်ရှင်းလင်းထားမည် ဖြစ်ပါသည်။

( ၉ ) လုပ်ငန်းဆောင်ရွက်မည့်ဧရိယာအတွင်း မီးဘေးအန္တရာယ်ပေါ်ပေါက်ပါက အလွယ်တကူမီးငြိမ်းနိုင်ရန်အတွက်လူသွားလာနိုင်သွားလမ်းများ ထားရှိမည်ဖြစ်ပါသည်။

( ၁၀ ) ဧရိယာအလိုက် ထားရှိရန်လိုအပ်သည့် မီးသတ်ဆေးဘူးများအား ရုံးခန်း၊ သိုလှောင်ရုံ၊ မီးဖိုဆောင်၊ စားသောက်ဆောင်၊ မီးစက်၊ ဆီသိုလှောင်သည့်နေရာ၊ ဝန်ထမ်းများအိပ်ဆောင်နှင့် ပစ္စည်းသိုလှောင်သည့်ဂိုဒေါင်များ၌ စနစ်တကျသတ်မှတ်အရေအတွက်များအတိုင်း ထားရှိမည်ဖြစ်ပါသည်။

<u>မီးငြိမ်းသတ်ခြင်းနှင့်ပတ်သက်၍အောက်ပါအတိုင်းစီစဉ်ဆောင်ရွက်ထားရှိမည်ဖြစ်ပါသည်။</u>

( ၁ ) လုပ်ငန်းရှိဝန်ထမ်းအလုပ်သမားဦးရေပေါ် မူတည်၍ မီးငြိမ်းသတ်ရေးအဖွဲ့၊ ပစ္စည်းသယ်ယူရေးအဖွဲ့နှင့်ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ ဖွဲ့စည်း၍တာဝန်ပေးအပ်မည်ဖြစ်ပါသည်။

( ၂ ) ဖွဲ့စည်းပြီးသောအဖွဲ့များအနေဖြင့် တစ်ဖွဲ့ချင်းလုပ်ဆောင်ရမည့် အချက်အလက်များအား တိကျစွာထုတ်ပြန်ထားမည်ဖြစ်ပါသည်။

( ၃ ) အဖွဲ့များအနေဖြင့် ချမှတ်ထားသောမိမိတို့ဆောင်ရွက်ရမည့် အချက်များအား မီးဘေးကိစ္စပေါ်ပေါက်ပါကလွယ်ကူလျှင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် မီးငြိမ်းသတ်ရေး အစမ်းလေ့ကျင့်ခြင်းအစီအစဉ်အား သက်ဆိုင်ရာမြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပူပေါင်း၍ဆောင်ရွက်မည်ဖြစ်ပါသည်။

လေးစားစွာဖြင့်

(ကစ)

ဦးဇော်မင်းအောင်
Managing Director
Green Alliance Energy Co.,Ltd.

# Green Alliance Energy Co.,Ltd

Green Alliance Energy

No. 8, Corner of Dhammazedi Road & Bagaya Street, Sanchaung Township,
Yangon, Myanmar. Tel : 01-654867


သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

ရက်စွဲ။ ။ ၂၀၁၆ ခုနှစ်၊ မတ် လ၊ ( ၃၀ ) ရက်။

အကြောင်းအရာ။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လုပ်ငန်းဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ကတိဝန်ခံချက်ပေးပို့ခြင်း။

၁။ Green Alliance Energy Co.,Ltd. သည် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ သီလဝါလမ်း၊ အကွက်အမှတ် (၂၂) မြေကွက်တွင် "LPG ဓါတ်ငွေ့ရည်အား ဝယ်ယူ၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် သိုလှောင်ကန်ငှားရမ်းခြင်း" လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။

(က) ဤလုပ်ငန်းသည် မြန်မာနိုင်ငံသား ၁၀၀% ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည့်လုပ်ငန်းဖြစ်ပါသည်။

(ခ) ဤလုပ်ငန်းသည် နိုင်ငံတော်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်သော အခြေခံစီးပွားရေး အဆောက်အအုံကို အထောက်အကူပြုသော လုပ်ငန်းဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

(ဂ) ကျွန်ုပ်တို့ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် ဘေးအန္တရာယ်မဖြစ်ပွားစေရန် အတွက်လိုအပ်သောစီမံချက်များချမှတ်၍လည်းကောင်း၊ မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်သွားမည့်အပြင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုအတွက်လည်း စီမံချက်များချမှတ်ဆောင်ရွက်သွားမည့်အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း/စည်းကမ်း၊ လုပ်ထုံး/လုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု ဝန်ခံကတိပြုပါသည်။

(ဃ) Green Alliance Energy Co.,Ltd. သည် ပြည်ပမှ စက်ပစ္စည်းများဝယ်ယူတင်သွင်းရာ၌ ဈေးနှုန်းနှင့် အရည်အသွေး ကောင်းမွန်သော ပစ္စည်းများကိုသာ တင်သွင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

(င) လုပ်ငန်းများဆောင်ရွက်ရာမှ နိုင်ငံခြားငွေဖြင့်ရရှိသော ဝင်ငွေများရှိခဲ့ပါက မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ် (သို့မဟုတ်) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (သို့မဟုတ်) နိုင်ငံခြားငွေများကို တရားဝင်ရောင်းဝယ်ခွင့်ပြုမိန့်ရရှိထားသော ပုဂ္ဂလိကဘဏ်များ၌ နိုင်ငံခြားငွေစာရင်းဖွင့်လှစ်၍ မပျက်မကွက်ပေးသွင်းသွားမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

# Green Alliance Energy Co.,Ltd

Green Alliance Energy

No. 8, Corner of Dhammazedi Road & Bagaya Street, Sanchaung Township,
Yangon, Myanmar. Tel : 01-654867

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်( ၁ ) သစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့။

စာအမှတ် ။
ရက်စွဲ ။ ၁၀.၃.၂၀၁၆

အကြောင်းအရာ ။ ။<u>ဝန်ခံကတိပြုခြင်း</u>။

အထက်အကြောင်းအရာနှင့်ပတ်သက်၍ နိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်တို့၏ Green Alliance Energy Co., Ltd တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းအားလုံးအနက် တစ်နှစ်လုပ်ခလစာရငွေ စုစုပေါင်း ကျပ် (၄၈) သိန်း ကျော်လွန်ပါက ပေးဆောင်ရမည့်ဝင်ငွေခွန်ကို ၎င်းတို့လစာမှ ဖြတ်တောက်၍ ဝင်ငွေခွန်ပေးဆောင်သွားမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

လေးစားစွာဖြင့်

ဦးဇော်မင်းအောင်
Managing Director
Green Alliance Energy Co., Ltd.

000068

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

**ကုမ္ပဏီမှတ်ပုံတင်လက်မှတ်**

အမှတ် ...၁၃၀၉...../ ၂၀၁၅–၂၀၁၆ (နပတ)

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ စိမ်းလန်းခြင်း အင်အားစု စွမ်းအင် ကုမ္ပဏီ ..... လီမိတက်
................................ အား ပေးရန်တာဝန် ကန့်သတ်ထားသော လီမိတက်
ကုမ္ပဏီအဖြစ် ၂၀၁၅ ..နှစ် ဒီဇင်ဘာ.....လ ၂၁..ရက်နေ့တွင် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မျိုးမင်း ၊ ညွှန်ကြားရေးမှူး)
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

---

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF NATIONAL PLANNING AND ECONOMIC DEVELOPMENT

# CERTIFICATE OF INCORPORATION

NO. ..........1309.......... of 2015-2016 (NPW)

I hereby certify that ...GREEN ALLIANCE ENERGY COMPANY LIMITED ........................................is this day incorporated under the Myanmar Companies Act and that the company is Limited.

Given under my hand at Nay Pyi Taw this .......TWENTY - FIRST..........day of DECEMBER, TWO THOUSAND AND FIFTEEN..............................

**For Director General**
**( Myo Min , Director )**
Directorate of Investment and Company Administration

allotted

# FORM ...

## ... OF DIRECTORS, MANAGERS AND MANAG... AGENTS AND OF ANY CHANGES THEREIN

(... Companies Act See Section 87 ...)

Presented by

| | | | Business Occupation | Changes |
|---|---|---|---|---|
| 1. U Zaw Min Aung | Myanmar<br>7/YATANA (NAING) 009491 | No.(2127), Sintku Street<br>Yadanar Takedi Quarter.<br>Ottaya Thiri Township.<br>Nay Pyi Taw | Marchent | Appoint As Managing Director w.e.f (23.12.15) |
| 2. U Aung Than Oo | Myanmar<br>14/KALANA(NAING) 079933 | No.(3339), Kattar (16) Street<br>Ottaya Thiri Township<br>Nay Pyi Taw | Marchent | Appoint As Director w.e.f (23.12.15) |

... Managers ... Managing Agents shown as existing in ... Particulars ...

... of the changes since the last list should be made in the column for "Changes" ... against the new Director's name the ... and ... Director's name the ... "resigned" ... date ... of the change ...

Zaw Min Aung
Managing Director
Green Alliance Energy Co.,Ltd.

FORM VI

# RETURN OF ALLOTMENTS
# THE MYANMAR COMPANIEES ACT.

(See Section 104)

(To be filed with the Registrar within one month after the allotment is made)

Return of allotment from the of

on the 24 of December of 2015 **GREEN ALLIANCE ENER CO., LTD.**

Made pursuant to Section 104 (1)

| | | |
|---|---|---|
| Number of the shares of allotted payable in cash | -------- | Ks 500,000,000/- |
| " " " " | -------- | |
| Nominal amount of the shares so allotted | -------- | 5000 Shares |
| " " " " | -------- | |
| Amount paid or due and payable on cash such share | -------- | Ks. 100,000/- |
| " " " " | -------- | |

Number of ordinary shares allotted for a consideration other than cash

Nominal amount to be ordinary shares so allotted --------

Amount to be treated as paid on each such share --------

The consideration for which such share have been allotted is as follow---------

---

NOTE: In making a return of allotted under Section 104 (1) the Myanmar Companies Act., it is to be noted that-

1. When a return include several allotments made on different dates, the actual date of only the first and last of such allotment should be entered at the tip of the front page, and the registration of the return should be efferected within one month of the first date.
2. When a return relates to one allotment only, made on one particular date, that date only should be inserted and the spaces for the second date struck out and the world made substituted for the world " From " after the world " allotment " above.

Here insert name of Company.

Distinguish between preference, ordinary, or other description of shares.

GAE Green Alliance Energy Co.,Ltd

Green Alliance Energy

No. 8, Corner of Dhammazedi Road & Bagaya Street, Sanchaung Township,
Yangon, Myanmar. Tel : 01-654867

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

ရက်စွဲ။ ။ ၂၀၁၆ ခုနှစ်၊ မတ် လ၊ ( ၃၀ ) ရက်။

အကြောင်းအရာ။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လုပ်ငန်းဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ကတိဝန်ခံချက်ပေးပို့ခြင်း။

၁။ Green Alliance Energy Co.,Ltd. သည် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ သီလဝါလမ်း၊ အကွက်အမှတ် (၂၂) မြေကွက်တွင် "LPG ဓါတ်ငွေ့ရည်အား ဝယ်ယူ၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် သိုလှောင်ကန်ငှားရမ်းခြင်း" လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။

(က) ဤလုပ်ငန်းသည် မြန်မာနိုင်ငံသား ၁၀၀% ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည့်လုပ်ငန်းဖြစ်ပါသည်။

(ခ) ဤလုပ်ငန်းသည် နိုင်ငံတော်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်သော အခြေခံစီးပွားရေး အဆောက်အအုံကို အထောက်အကူပြုသော လုပ်ငန်းဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

(ဂ) ကျွန်ုပ်တို့ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် ဘေးအန္တရာယ်မဖြစ်ပွားစေရန် အတွက်လိုအပ်သောစီမံချက်များချမှတ်၍လည်းကောင်း၊ မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်သွားမည့်အပြင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုအတွက်လည်း စီမံချက်များချမှတ်ဆောင်ရွက်သွားမည့်အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း/စည်းကမ်း၊ လုပ်ထုံး/လုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု ဝန်ခံကတိပြုပါသည်။

(ဃ) Green Alliance Energy Co.,Ltd. သည် ပြည်ပမှ စက်ပစ္စည်းများဝယ်ယူတင်သွင်းရာ၌ ဈေးနှုန်းနှင့် အရည်အသွေး ကောင်းမွန်သော ပစ္စည်းများကိုသာ တင်သွင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

(င) လုပ်ငန်းများဆောင်ရွက်ရာမှ နိုင်ငံခြားငွေဖြင့်ရရှိသော ဝင်ငွေများရှိခဲ့ပါက မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (သို့မဟုတ်) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (သို့မဟုတ်) နိုင်ငံခြားငွေများကို တရားဝင်ရောင်းဝယ်ခွင့်ပြုမိန့်ရရှိထားသော ပုဂ္ဂလိကဘဏ်များ၌ နိုင်ငံခြားငွေစာရင်းဖွင့်လှစ်၍ မပျက်မကွက်ပေးသွင်းသွားမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

(ဇ) ကုမ္ပဏီ၏နိုင်ငံခြားငွေစာရင်း၌ ပေးသွင်းထားရှိသည့် နိုင်ငံခြားငွေများကို နိုင်ငံတော်မှသတ်မှတ်ခွင့်ပြုထားသည့် နိုင်ငံခြားငွေလဲလှယ်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့် အခါအားလျော်စွာပြဌာန်းထားသော အမိန့်ညွှန်ကြားချက်များအတိုင်း လဲလှယ်ပြီး လုပ်ငန်းအတွက်လိုအပ်သည့် အသုံးစရိတ်များနှင့် လုပ်အားခများအား ပေးဆောင်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

(ဆ) ထို့အပြင် ကျွန်ုပ်တို့၏ Green Alliance Energy Co.,Ltd. သည် နိုင်ငံတော်အစိုးရမှပြဌာန်းထားသော ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံး/လုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် စည်းကမ်းများအား တိကျစွာလိုက်နာဆောင်ရွက်၍ မိမိတို့၏ စီးပွားရေးလုပ်ငန်းအား တိုးတက်ကြီးပွားရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်ဆင့် ဝန်ခံကတိပြုပါသည်။

(ဈ) ကျွန်ုပ်တို့၏ Green Alliance Energy Co.,Ltd. သည် သီလဝါဆိပ်ကမ်းဒေသ ဖွံ့ဖြိုးရေးအတွက် တစ်ထောင့် ်နေရာမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပါမည်ဟု ကတိပြုပါသည်။

လေးစားစွာဖြင့်

(signature) (၁၈)

ဦးဇော်မင်းအောင်

Managing Director

Green Alliance Energy Co.,Ltd.

# Green Alliance Energy Co.,Ltd

lliance No. 8, Corner of Dhammazedi Road & Bagaya Street, Sanchaung Township,
rgy Yangon, Myanmar. Tel : 01-654867

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်( ၁ ) သစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့။

စာအမှတ် ။
ရက်စွဲ ။ ၁၀.၃.၂၀၆

သို့

အကြောင်းအရာ။ ။ကုမ္ပဏီဝန်ထမ်းများ သက်သာချောင်ချိရေးနှင့် လုပ်ငန်းခွင်သာယာရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုများ အားတင်ပြခြင်း။

အထက်အကြောင်းအရာနှင့်ပတ်သက်၍ နိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်တို့၏ Green Alliance Energy Co.,Ltd. သည် အလုပ်လုပ်ကိုင်တာဝန်ထမ်းရွက်နေကြသည့် ဝန်ထမ်းနှင့်အလုပ်သမားများ အတွက်အောက် ဖော်ပြပါကဏ္ဍများအလိုက် အလုပ်သမားသက်သာချောင်ချိရေးနှင့်လုပ်ငန်းခွင်သာယာရေး တို့အတွက် စီစဉ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်းအား လိုအပ်သလိုဆောင်ရွက်နိုင်ရန် တင်ပြအပ်ပါသည်။

၁) အလုပ်သမားကြို/ပို့ယာဉ်ဖြင့်ဝန်ထမ်း၊အလုပ်သမားများအလုပ်တက်၊ဆင်းနိုင်ရန်အတွက် ကြို/ပို့ဖယ်ရီကားများစီစဉ်ထားရှိပါမည်။လုပ်ငန်းမှစီစဉ်ပေးသည့်ကြို/ပို့ဖယ်ရီစီးကြသောအလုပ်သမားများအပေါ် ဖယ်ရီကားခကောက်ခံခြင်းမရှိဘဲအခမဲ့ပို့ဆောင်ပေးမည်ဖြစ်ပါသည်။

(၂) ကုမ္ပဏီဝန်ထမ်း၊အလုပ်သမားများအနေဖြင့်အလုပ်ဆင်းရက်မှန်ကန်ပါကလုပ်ငန်းအားအာရုံစူးစိုက်လုပ်ကိုင်ခြင်းကို အသိအမှတ်ပြုသည့်အနေဖြင့် ရက်မှန်ဆုကြေးထုတ်ပေးပါမည်။

(၃) လုပ်ငန်းရှိဝန်ထမ်းအလုပ်သမားများအချိန်ပိုဆင်းရပါကတစ်နာရီအတွက်လုပ်အားခငွေကြေး(၂)ဆတွက်ချက်ပေးပါမည်။လုပ်ငန်းလိုအပ်ချက်အရညဉ့်နက်အထိလုပ်ရပါကအစားအသောက်ကျွေးမွေးခြင်းစီစဉ်များဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

(၄) ကုမ္ပဏီတွင်ခန့်အပ်တာဝန်ပေးမည့်ဝန်ထမ်းများ၊အလုပ်သမားများအားလုံးအတွက်လုပ်ငန်းခွင်တွင်စိတ်ဓာတ်တက်ကြွည့်သွတ်ရန်အတွက် တူညီဝတ်စုံများ(Uniform) အခမဲ့ထုတ်ဝေပေးမည်ဖြစ်ပါသည်။

(၅) ကုမ္ပဏီတွင်ရှေးဦးသူနာပြုဆေးသေတ္တာထားရှိမည်ဖြစ်ပြီး၊ထိခိုက်ဒဏ်ရာရရှိပါကသက်ဆိုင်ရာနယ်မြေအလိုက်ဖွင့်လှစ်ထားသည့် လူမှုဖူလုံရေးဆေးခန်းသို့စေလွှတ်၍ ဆေးဝါးကုသမှုခံယူပါမည်။

# FORM XXVI

## PARTICULARS OF DIRECTORS, MANAGERS AND MANAGING AGENTS AND OF ANY CHANGES THEREIN

(Myanmar Companies Act See Section 87)

Presented by

| Name | Nationality / NRC No. | Address | Business Occupation | Changes |
|---|---|---|---|---|
| 1. U Zaw Min Aung | Myanmar 7/YATANA (NAING) 009491 | No.(2127). Sintku Street Yadanar Takedi Quarter. Ottaya Thiri Township. Nay Pyi Taw | Marchent | Appoint As Managing Director w.e.f (23.12.15) |
| 2. U Aung Than Oo | Myanmar 14/KALANA(NAING) 079933 | No.(3339). Kattar (16) Street Ottaya Thiri Township Nay Pyi Taw | Marchent | Appoint As Director w.e.f (23.12.15) |

… Managers or Managing Agents shown as existing in the last Particulars …

… of the changes since the last list should be made in the column for "Changes" … against the new Director's name the word … and … Director's name the word … "Resigned" … date of change against the …

Zaw Min Aung
Managing Director
Green Alliance Energy Co.,Ltd

FORM VI

# RETURN OF ALLOTMENTS
# THE MYANMAR COMPANIEES ACT.

(See Section 104)

(To be filed with the Registrar within one month after the allotment is made)

Return of allotment from the of

on the 24 of December of 2015 **GREEN ALLIANCE ENE CO., LTD.**

Made pursuant to Section 104 (1)

Number of the shares of allotted payable in cash -------- Ks 500,000,000/-

" " " " --------

Nominal amount of the shares so allotted -------- 5000 Shares

" " " " --------

Amount paid or due and payable on cash such share -------- Ks. 100,000/-

" " " " --------

Number of ordinary shares allotted for a consideration other than cash

Nominal amount to be ordinary shares so allotted --------

Amount to be treated as paid on each such share --------

The consideration for which such share have been allotted is as follow------

---

NOTE: In making a return of allotted under Section 104 (1) the Myanmar Companies Act., it is to be noted that-

1. When a return include several allotments made on different dates, the actual date of only the first and last of such allotment should be entered at the tip of the front page, and the registration of the return should be effereected within one month of the first date.
2. When a return relates to one allotment only, made on one particular date, that date only should be inserted and the spaces for the second date struck out and the world made substituted for the world " From " after the world " allotment " above.

Here insert name of Company.

Distinguish between preference, ordinary, or other description of shares.

000068

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

# ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

အမှတ် ...၁၃၀၉...../ ၂၀၁၅-၂၀၁၆ (နပတ)

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ စိမ်းလန်းခြင်း အင်အားစု စွမ်းအင် ကုမ္ပဏီ..... လီမိတက်
................................ အား ယနေ့တာဝန် ကန့်သတ်ထားသော လီမိတက်
ကုမ္ပဏီအဖြစ် ၂၀၁၅..နှစ် ဒီဇင်ဘာ.....လ ၂၁..ရက်နေ့တွင် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မျိုးမင်း ၊ ညွှန်ကြားရေးမှူး)
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

---

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF NATIONAL PLANNING AND ECONOMIC DEVELOPMENT

# CERTIFICATE OF INCORPORATION

NO. ..........1309.......... of 2015-2016 (NPW)

I hereby certify that ...GREEN ALLIANCE ENERGY COMPANY LIMITED
..................................................................is this day incorporated
under the Myanmar Companies Act and that the company is Limited.

Given under my hand at Nay Pyi Taw this .......TWENTY - FIRST.........day
of ...DECEMBER, TWO THOUSAND AND FIFTEEN.......................

**For Director General**
**(Myo Min, Director)**
Directorate of Investment and Company Administration

# Green Alliance Energy Co.,Ltd

Green Alliance Energy

No. 8, Corner of Dhammazedi Road & Bagaya Street, Sanchaung Township,
Yangon, Myanmar. Tel : 01-654867


သို့ -

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်( ၁ ) သစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့။

စာအမှတ် ။
ရက်စွဲ ။ ၁၀.၃.၂၀၁၆

အကြောင်းအရာ ။ <u>။ဝန်ခံကတိပြုခြင်း။</u>

အထက်အကြောင်းအရာနှင့်ပတ်သက်၍ နိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်တို့၏ Green Alliance Energy Co., Ltd တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းအားလုံးအနက် တစ်နှစ်လုပ်ခလစာရငွေ စုစုပေါင်း ကျပ် (၄၈) သိန်း ကျော်လွန်ပါက ပေးဆောင်ရမည့်ဝင်ငွေခွန်ကို ၎င်းတို့လစာမှ ဖြတ်တောက်၍ ဝင်ငွေခွန်ပေးဆောင်သွားမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

လေးစားစွာဖြင့်

ဦးဇော်မင်းအောင်
Managing Director
Green Alliance Energy Co., Ltd.

GAE

Green Alliance Energy

# Green Alliance Energy Co.,Ltd

No. 8, Corner of Dhammazedi Road & Bagaya Street, Sanchaung Township,
Yangon, Myanmar. Tel : 01-654867

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

ရက်စွဲ။ ။ ၂၀၁၆ ခုနှစ်၊ မတ် လ၊ (၁၀ ) ရက်။

အကြောင်းအရာ။ ။ <u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြု လုပ်ငန်းဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသည့် ကာလ ( Investment Period ) တင်ပြခြင်း။</u>

၁။ Green Alliance Energy Co.,Ltd. သည် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ သီလဝါလမ်း၊ အကွက်အမှတ် (၂၂) မြေကွက်တွင် "LPG ဓါတ်ငွေ့ရည်အား ဝယ်ယူ၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် သိုလှောင်ကန် ငှားရမ်းခြင်း" လုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။

(က) ဤလုပ်ငန်းသည် မြန်မာနိုင်ငံသား ၁၀၀% ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည့်လုပ်ငန်းဖြစ်ပါသည်။

(ခ) ဤအဆိုပြုလုပ်ငန်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုခဲ့ပါက စီမံကိန်းလုပ်မည့်မြေနေရာတွင် နှစ်ပေါင်း ( ၅၀ ) အားရင်းနှီးမြှုပ်နှံမှုကာလ ( Investment Period )အဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လေးစားစွာဖြင့်

ဦးဇော်မင်းအောင်
Managing Director
Green Alliance Energy Co.,Ltd.